**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

စာအမှတ်၊ စက-၄၄/၁ - ၇/၂၀၂၅ ( ၅၃၁ )
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်း

အကြောင်းအရာ ။ **ပြောင်းစေ့ပြည်ပတင်ပို့မည့်လျာထားချက် ပြည့်မီအောင်တင်ပို့ခဲ့ခြင်းအတွက် ကျေးဇူးတင်လွှာပေးပို့ခြင်း**

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြောင်းစေ့ ပြည်ပတင်ပို့ရန်အတွက် မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းချက်အရ ပြောင်းစေ့ တန်ချိန် ၁.၅၆ သန်း၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၆၀ သန်းနှင့် ဘဏ္ဍာရေးနှစ် လအလိုက်လျာထားချက်အနေဖြင့် ဧပြီလ၌ တန်ချိန် ၁ သိန်း၊ မေလ၌ တန်ချိန် ၁.၄ သိန်း၊ ဇွန်လ၌ တန်ချိန် ၁.၄ သိန်း၊ ဇူလိုင်လ၌ တန်ချိန် ၁.၄ သိန်း၊ သြဂုတ်လ၌ တန်ချိန် ၁.၂ သိန်း၊ စက်တင်ဘာလ၌ တန်ချိန် ၀.၄ သိန်း၊ အောက်တိုဘာလ၌ တန်ချိန် ၀.၉ သိန်း၊ နိုဝင်ဘာလ၌ တန်ချိန် ၁.၆ သိန်း၊ ဒီဇင်ဘာလ၌ တန်ချိန် ၁.၂ သိန်း၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၌ တန်ချိန် ၁.၃ သိန်း၊ ဖေဖော်ဝါရီလ၌ တန်ချိန် ၁.၉ သိန်း၊ စုစုပေါင်း ဧပြီလမှ ဖေဖော်ဝါရီလအထိ တန်ချိန် ၁၃.၆၅ သိန်း၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၁၄ သန်း တင်ပို့ရန် လျာထားခဲ့ပါသည်။

၂။ ကုန်သွယ်ရေးဦးစီးဌာနမှ အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်ကြေညာလွှာ(ED)အပေါ် အခြေခံပြုစုထားသည့်စာရင်းအရ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ တင်ပို့မှုစာရင်းမှာ ပြောင်းတန်ချိန် ၂.၈ သိန်း၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၇၄ သန်း၊ ၁၇၁% တင်ပို့နိုင်ခဲ့သဖြင့် လျာထားချက်ဖြစ်သည့် တန်ချိန် ၁.၉ သိန်း၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၃ သန်းကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းမှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ လျာထားချက်နှင့် တစ်နှစ်လုံး လျာထားချက် ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ခြင်းအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မတ်လတွင် ထပ်မံတိုးမြှင့်တင်ပို့နိုင်ရေး ဆက်လက်ကူညီဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။

ထွန်းအေး
၁၁.၃.၂၀၂၅

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး

မိတ္တူကို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ရုံးလက်ခံ/မျှောစာတွဲ